# ကုလားတန်လှုပ်ရှားမှုအဖွဲ့

၁၁ ဇွန် ၂၀၁၄
သတင်းထုတ်ပြန်ချက်

## လေးနှစ်အတွင်းမရှင်းလင်းသေးသည့် ကုလားတန်စီမံကိန်း

**ရန်ကုန်၊ မြန်မာ။** ကုလားတန်လှုပ်ရှားမှုအဖွဲ့ မှ အိန္ဒိယနှင့် မြန်မာပြည်အစိုးရ၊ နှင့် အိန္ဒိယESSAR ကုမ္ပဏီကို ကုလားတန်စီမံကိန်း နှင့် ပတ်သက်သည့် လုပ်ငန်းအကောင်အထည်ဖော်မှုများကိုသော်လည်းကောင်း၊ ရခိုင်ပြည်နယ် နှင့် အကျိုးသက်ရောက်မည့် ချင်းပြည်နယ်ရှိ ဒေသခံများ အရေးအတွက်သော်လည်းကောင်းလူသိရှင်ကြား ဖြေကြားပေးရန် တိုက်တွန်းပါသည်။

၂၀၁၆ ခုနှစ်အစောပိုင်းတွင်ပြီးမည်ဟုခန့်မှန်းထားသည့် အမေရိကန် ဒေါ်လာ ၂၁၄ မီလျံကုန်ကျမည့် ကုလားတန်စီမံကိန်းသည် ရခိုင်ပြည်နယ်၊ စစ်တွေဆိပ်ကမ်းမှ အရှေ့မြောက် အိန္ဒိယ မီဇိုရမ် သို့ ရေကြောင်း၊ ကုန်းကြောင်းတို့ဖြင့် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်ကို ဖြတ်ကာဆက်သွယ်ဆောက်လုပ်ထားသောစီမံကိန်း ဖြစ်သည်။ လက်ရှိအချိန်တွင် အိန္ဒိယကုမ္ပဏီ ESSAR မှ စစ်တွေဆိပ်ကမ်းနှင့် ပလက်ဝဆိပ်ကမ်းငယ်ကို တည်ဆောက်နေဆဲ ဖြစ်ပါသည်။ ကုလားတန်စီမံကိန်း ၏ အဓိကအချက်အချာဖြစ်သော အဝေးပြေးတာရှည်လမ်းမကြီးကို အမည်မသိမြန်မာကုမ္ပဏီတစ်ခုမှ ဆောက်လုပ်မည်ဖြစ်ပြီးသွားရောက်မည့်လမ်းကြောင်းနှင့် ဆောက်လုပ်ရန်ကြာမည့် အချိန်အကန့်အသတ်ကိုမူအများသိရန် ထုတ်ပြန်ကြေညာခြင်းမရှိပါ။

လူ့အခွင့်အရေး၊ လူမှုရေး ၊စီးပွားရေး နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြည့်လေ့လာနေသော ကုလားတန်လှုပ်ရှားမှုအဖွဲ့ မှ ESSAR ကုမ္ပဏီသို့ မေးခွန်းများယနေ့ ပေးပို့ ထားပါသည်။

ESSAR ကုမ္ပဏီအနေဖြင့် ကုလားတန်စီမံကိန်းအကောင်အထည်ရာတွင် လူ့အခွင့်အရေး၊ ဌာနေတိုင်းရင်းသားများအခွင့်အရေး၊ ဒေသခံများနှင့် ဆွေးနွေးတိုင်ပင်မှု၊ သဘာဝ ပတ်ဝန်းကျင် အကျိုးဆက်တိုင်းတာမှု၊ ဒေသခံအလုပ်သမားများငှားရမ်းခြင်းနှင့် အလုပ်သမားအခြေအနေ အပေါ် ထားရှိသော ၎င်းတို့၏ပေါ်လစီဖော်ဆောင်မှုများကို အများပြည်သူအားအသိပေးရန် ကုလားတန်လှုပ်ရှားမှုအဖွဲ့မှ မျှော်လင့်ပါသည်။ ဤစီမံကိန်းကိုအကောင်အတည်ဖော်ရာတွင် အရေးပါသည့် ဌာနေလူမျိုးများအခွင့်အရေးဆိုင်ရာ ဒေသခံများအပေါ် လွတ်လပ်စွာ ကြိုတင်အသိပေးအကြောင်းကြားသဘောထားရယူခြင်း (FPIC) မကျင့်သုံးသည်ကိုတွေ့ မည်ရပါသည်။

ကုလားတန်လှုပ်ရှားမှုအဖွဲ့၏ မကြာသေးခင်က ကွင်းဆင်းလေ့လာမှုအရ ဒေသခံများက ဤစီမံကိန်းသည် လူနေမှုနှင့် စီးပွားရေးဖွံ့ဖြိုးမှုကို အကျိုးပြုမည်ဟုထင်ကြသော်လည်း ဒေသခံလူများစုအနေဖြင့် စီမံကိန်းအကြောင်း အသေးစိတ်နှင့် ဤစီမံကိန်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှု အပါအဝင် တခြားဖြစ်နိုင်ဖွယ်ဆိုးကျိုးများကိုမူ မသိရှိကြောင်းတွေ့ ရှိရသည်။ "ဒေသခံတွေကိုပုံမှန်တိုင်ပင်ခြင်းနှင့် သတင်းမျှဝေခြင်းဟာ

ဤစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ESSAR ကုမ္ပဏီအတွက် အကျိုးပိုရှိပါလိမ့်မယ်။ ဘာကြောင့်လည်းဆိုတော့ ဒေသခံတွေက ဤဒေသနှင့်ပက်သက်ပြီးကျွမ်းကျင်တဲ့ သူတွေဖြစ်ကြတယ်။ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံးဖြစ်အောင်လည် နားလည်ကြသူတွေဖြစ်လို ့ပါပဲ” ဟု ချင်းလူ့အခွင့်အရေးအဖွဲ့ မှ ဆလိုင်းဘွေပီးကပြောပါသည်။

“ဤစီမံကိန်းကို အကောင်အထည်ဖော်တာ ၄နှစ်လောက်ရှိပြီးဖြစ်သော်လည်း သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှု လေ့လာစမ်းစစ်ချက်မပြုလုပ်သေးပါဘူး၊ ဖြစ်နိုင်ခြေရှိတဲ့ အပေးပြေး တာရှည်လမ်းမကြီး ဆောက်လုပ်မယ့် လမ်းကြောင်းအသေးစိုက်ကိုလည်း ဖော်ပြခြင်းမတွေ့ ရသေးပါဘူး။ ဤစီမံကိန်းတည်ဆောက်ရာ ဒေသခံတွေကို သတင်းအချက်အလက်တွေ အသိပေးဖို့ အိန္ဒိယ နှင့် မြန်မာ အစိုးရကို တောင်းဆိုပါတယ်” ဟု ၎င်းကဖြည့်စွတ်ပြောဆိုပါသည်။

## ချင်းပြည်နယ်တွင် ဖြစ်ပေါ်နေသောလျော်ကြေးကိစ္စ

၂၀၁၃ စက်တင်ဘာလတွင် မြန်မာနိုင်ငံပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ပလက်ဝမြို့နယ် မြေစာရင်းဌာနမှ လောင်ကဒူးကျေးရွာကိုရောက်ရှိပြီးကုလားတန်စီမံကိန်းအတွက် မြစ်ရေတူးရန် ဒေသခံများ၏ ကိုင်းမြေ ၁၆ ဧကတွင် ESSAR ကုမ္ပဏီမှ သဲ၊ကျောက်များပုံချမည်ဟုပြောဆိုပါသည်။ ဒေသခံများကလည်းသူတို့၏စိုက်ပျိုးမြေးတစ်ရာသီစာအတွက် နစ်နာကြေးအဖြစ် တစ်ဧက၊ ကျပ် ၅၀၀၀၀၀ တောင်ဆိုပါသည်။ လျော်ကြေးပေးမည့် အချိန်ကန့်သတ်ချက်မရှိပါ။ လယ်မြေဆုံးရှုံးသွားသောလယ်သမား ၁၁ ထဲမှ တစ်ယောက်က “လယ်ဆုံးရှုံးလို ့ဝမ်းနည်းတာပေ့ါ၊ အစိုးရအမိန့်ကိုလည်းလွန်ဆန်လို့မရ၊ တခြားရွေးချယ်ဖို့လည်းမရှိတော့ဘူး” ဟုပြောဆိုပါသည်။

လယ်သမားများသည် ဘိုးဘွားပိုင်လယ်မြေများကို ပြန်ရရန် ဆုံးဖြတ်ပြီး ပလက်ဝမြို့အခြေစိုက် ပလက်ဝလူမှုဖွံ့ ဖြိုးရေး နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ထံမှတစ်ဆင့် မြန်မာ့ပို့ဆောင်ရေးဌာန နှင့် ဆိပ်ကမ်းအာဏာပိုင်ကို တခြားနေရာသို ့သဲ၊ ကျောက်များ ချရန်စာရေးတောင်းဆိုလာပါသည်။ နောက်ဆုံးတွင် အစိုးရဘက်မှ ကွင်းဆင်းလေ့လာမှုများပြုလုပ်ပြီ ကိုင်းမြေ ၁၆ ဧကကို မထိပဲ ဒေသခံတွေတောင်းဆိုသောမြေနေရာတွင် သဲ၊ကျောက်များပုံချရန် ဒေသခံများကို နှုတ်ကတိပေးထားကြောင်း တွေ့ ရှိရပါသည်။

လောင်းကဒူဒေသခံတစ်ယောက်က “အစိုးရက ကျွန်တော်တို့ ကို တခြားမြေလွတ်မှ သဲ၊ ကျောက်တွေစွန့် ့ပစ်ဖို့ တိုင်ပင်တာ အင်မတန်မှ ကျေနပ်ဖို့ ကောင်းပါတယ်။ ကျွန်တော်တို့ လည်း သူတို့ အမိန့် အတိုင်း လွန်ခဲ့တဲ့ စက်တင်ဘာလကတည်းက လည်မစိုက်လိုက်ရတဲ့အတွက် ကျွန်တော်သဘောတူကတိအတိုင်း လျောကြေးပေးရန်တောင်းဆိုချင်ပါတယ်။ ဤကိစ္စနှင့် ပက်က်၍ ကုလားတန်လှုပ်ရှားမှုအဖွဲ ့မှ ပြည်ထောင်စုအစိုးရကို လောင်ကဒူ လယ်သမားအပေါ် ဘယ်သူကလျော်ကြေးပေးဖို ့တာဝန်ရှိသနည်း။ လျော်ကြေးဘယ်လိုပေးဆောင်မလဲ၊ ဘယ်အချိန်မှာပေးဆောင်မှာလည် ဆိုတာ စီစဉ်ဖို့ တိုက်တွန်းပါသည်။

**မြေတူးခြင်းကြောင့်ဖြစ်ပေါ်နေသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးအပေါ်အကျိုးသက်ရောက်မှု**

မရေကွန်ကျွန်းရှိ သဲထုံးရွာမှ ဒေသခံတွေတိုင်ပင်အသိပေးမှုမရှိသောကြောင့် အိမ်ခြေ ၃၀၀ ကျော်ဆိုးကျိုးခံစားရပါသည်။ သဲထုံးရွာသည် ကုလားတန်မြစ်ချောင်းနှင့် ဘင်္ဂလားပင်လယ်အော် ဆုံမှတ်မှတည်ရှိပြီး ESSAR ကုမ္ပဏီမှ ၂၀၁၁ ခုနှစ် အစောပိုင်းကစတင်သဲတူးမှုကြောင့် ကမ်းပါပြိုမှုရှိလာပါသည်။ မြေတူးခြင်းကြောင့် ကမ်းပါးအလျင်စလို ပြိုကျလာခဲ့ပြီး အိမ်ခြေ ၅၀ ကျော်ရွှေ့ပြောင်းခြင်းနှင့် ဘုန်းကြီးကျောင်းပြန်လည်ဆောက်လုပ်ခြင်း ပြုနေပါသည်။ "သဲတူးခြင်းကြောင့် အုန်းသီးပင်တွေဆုံးရှုံးမလား၊ ဒေသခံတွေကိုထပ်ပြီး လုံခြုံတဲ့နေရာရွှေ့ပြောင်းခိုင်းမလားမသိရဘူး" ဟု ရခိုင်မြစ်ချောင်းများကွန်ယက်မှ ကိုထွန်းလှိုင်က ပြောကြားသွားပါသည်။ ဆက်လက်ပြီး "အခြေခံမူလတန်းကျောင်းဟာလည်း အန္တရာယ်အခြေအနေမှရှိနေပြီး ဒေသခံတွေက ESSAR ကုမ္ပဏီကဆက်လက်ပြီး မြေတူးခြင်းလုပ်မလုပ်ကို သိခြင်ကြပါတယ်"ဟုဆိုပါသည်။

ပွင့်လင်းမြင်သာမှုရှိသော ဖွံ့ဖြိုးမှုဖြစ်စဉ်တွေကို ဒေသခံတွေ ပုံမှန်တိုင်ပင်ခြင်းဟာ အစိုးရ၊ ကုမ္ပဏီနှင့် ဒေသခံတို့အတွက် အပြန်အလှန် အကျိုးသက်ရောက်မှု ရှိလာပါလိမ့်မည်။ ကုလားတန်ဘက်စုံသုံးပို့ဆောင်ရေးကြားစခန်း စီမံကိန်းကြောင့် အကျိုးအမြတ်ရရှိဖို့ မျှော်လင့်ပါသည်။ ထို့အပြင် ကုလားတန်လှုပ်ရှားမှုအဖွဲ့မှ အိန္ဒိယ နှင့် မြန်မာအစိုးရကို မြန်မာအိန္ဒိယအဝေးပြေးကားလမ်းမ ဆောက်လုပ်မှု နှင့် ပက်သက်၍ အချိန်အတိအကျ ဒေသခံတွေကို ပေးစေလိုပါသည်။

xxx ပြီး xxx

ဆက်သွယ်ရန်

ကိုထွန်းလှိုင်၊ ရခိုင်မြစ်ချောင်းများကွန်ယက်၊အစီအစဉ်ကြီးကြပ်ရေးမှူး။ + ၉၅ (၀) ၉၄၂-၀၁၇-၉၀၈၅ (သို့) arakanrivers@gmail.com

ဆလိုင်းဘွေပီး၊ ချင်းလူ့အခွင့်အရေးအဖွဲ့ ပြည်တွင်းတာဝန်ခံ။ + ၉၅ (၀) ၉၂၅-၀၀၀-၈၄၅၁ (သို့) bawipi@chro.ca

**မီဒီယာတွေအတွက် အသုံးပြုနိုင်သော ဓါတ်ပုံ**

http://www.kaladanmovement.org/index.php/kmmedia/photos

## ကုလားတန်စီမံကိန်းနှင့် ပက်သက်၍ နောက်ခံသမိုင်း

ကုလားတန်ဘက်စုံသုံး ပို့ဆောင်ရေးကြားစခန်း စီမံကိန်းဟာ အရှေ့မြောက် အိန္ဒိယရှိ မီဇိုရမ်ပြည်ကို ရခိုင်စစ်တွေ၊ ဘင်္ဂလားပင်လယ်အော်မှ ကုန်းကြောင်း ရေကြောင်းဖြင့် ဆက်သွယ်အောင်ပြုလုပ်ထားသော စီမံကိန်းဖြစ်ပါသည်။

ချင်းပြည် ပလက်ဝတွင် ဆောက်လုပ်ရှိသော ဆိပ်ကမ်းမှ အိန္ဒိယ-မြန်မာနယ်စပ် ဇိုရင်ပိုးအထိ ကီလိုမီတာ ၁၃၀ ကို ကုန်တင်ကားသွား ကားလမ်းဆောက်လုပ်မှာ ဖြစ်ပါသည်။ အိန္ဒိယ၏ ဖွံ့ဖြိုးရေးအထောက်အပံ့ခေါ် ကုလတန် စီမံကိန်းဟာ အိန္ဒိယ၏ အရှေ့မျှော်ပေါ်လာစီ၏ အဓိကအချက်အချာ ဖြစ်ပြီး အိန္ဒိယက အရှေ့တောင်အာရှာတွင် ၎င်း၏ နိုင်ငံရေး နှင့် စီးပွားရေးခြေကုတ်ချဲ့ထွင်ဖို့ ရည်ရွယ်ထားပါသည်။ ဤ စီမံကိန်းသည် အိန္ဒိယ၏ ပြင်ပရေးရာဝန်ကြီးအောက်ရှိ ဖွံ့ဖြိုးပူးပေါင်းအုပ်ချုပ်ရေးမှုးဌာနမှ ကူညီတာ ဖြစ်ပြီး ကန်ဒေါ်လာ (၂၁၄) သန်း ကုန်ကျမည်ဟု ခန့်မှန်းရပါသည်။ ဤစီမံကိန်း ပြီးစီးသွားလျှင် အဆောက်အအုံတွေကို မြန်မာနိုင်ငံက ပိုင်ဆိုင်သွားမည် ဖြစ်ပါသည်။ နောက်ဆုံး ပလက်ဝ နှင့် စစ်တွေဆိပ်ကမ်းဆောက်လုပ်မှုကို ၂၀၁၅ ဒီဇင်ဘာလမှ ပြီးစီးမည်ဟု ပြောဆိုပါသည်။ (၂၀၁၃ ဇွန်လ၊ ESSARကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ ၂၀၁၄ ဒီဇင်ဘာလမှာ ပြီးစီးမည်ဟုသောထုက်ပြန်ချက်နှင့် မကိုက်ညီ)။ ယခုအချိန်မှာ ပလက်ဝမြို့ မီဇိုရမ်အထိ အဝေးပြေးကားလမ်းမဖောက်လုပ်ခြင်းနှင့် ပက်သက်ပြီး အကောင်အထည်ဖော်ခြင်းမရှိသေးပါဘူး။ ၎င်းကားလမ်းလုပ်ခြင်းနှင့် ဆက်စပ်၍ မြန်မာဘက်က ဘယ်ကုမ္ပဏီက တာဝန်ယူထားသနည်း။ အဝေးပြေးလမ်းကို ဘယ်လမ်းက ဖောက်လုပ်မည်နည်း ဆိုသော်အရေးပါ မေးခွန်းများ ကျန်ရှိပါသေးသည်။

## ကုလားတန်လှုပ်ရှားမှုအဖွဲ့ နောက်ခံသမိုင်း

ကုလားတန်လှုပ်ရှားမှုအဖွဲ့သည် (Kaladan Movement) ကုလားတန်ဘက်စုံသုံး ပို့ဆောင်ရေးကြားစခန်း စီမံကိန်းကြောင့် ဒေသခံ နေထိုင်သူများအပေါ် လူ့အခွင့်အရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဂန်းကျင်ဆိုင်ရာ သက်ရောက်မှုများ နှင့်ပတ်သက်၍ စိုးရိမ်ပူပန်ကြသည့် လူမှုအဖွဲ့အစည်းများ၏ မဟာမိတ်အဖွဲ့ တခုဖြစ်သည်။ ကုလားတန် လှုပ်ရှားမှုအဖွဲ့၏ အဓိကအဖွဲ့ဝင်များမှာ ရခိုင်မြစ်ချောင်းများကွန်ယက် (ARN)၊ ချင်းလူ့အခွင့် အရေးအဖွဲ့ (CHRO) နှင့် ဇိုဌာနေလူမျိုးနွယ်စုများဖိုရမ် (ZIF) တို့ဖြစ်ပါသည်။